# အပြုံးမပျက် အမုန်းမဖက်ဘဲ ကျောင်းတက်ကြရအောင်

## ကိုသံချောင်း - မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၆)

ဒေါင်

"ခေါင်းလောင်းသံ။ တညံညံပေး...ရွာကျောင်းကို... သတိရနေတယ် သူငယ်ချင်းရေ.. တို့များ ငယ်ငယ်တုန်းက ရွာအဝင်လမ်းဆီကလေ.. လက်ချင်းချိတ်ကာ.. ပြေးကာလွှားကာ.." သီချင်းဆိုသည်ကို ရပ်၍ မစာဥက ကိုသံချောင်းအား ...

"မပြောမဆိုအနားရောက်လာတာ လန့်လိုက်တာရှင့်။ အခုအချိန်က ရှေ့ပြောနောက်ကြည့် အခြေအနေဆိုတော့ သီချင်းတောင် လွတ်လွတ်လပ်လပ် မဆိုရဲဘူးရှင်ရေ.. ကဲ ပြောပါဦး ဘာကိစ္စလဲ.."

"ဘာကိစ္စမှမရှိပါဘူးဗျာ။ ခင်ဗျားသီချင်းသံလေးကြားမိရင်း မေးစရာလေးရှိလို့ လာခဲ့တာပါခင်ဗျ။ ရွာကျောင်းက ခေါင်းလောင်းသံကိုလွမ်းရင်း ငယ်ချစ်ကိုများ သတိရနေသလားလို့ပါ"

ကိုသံချောင်း၏ စကားကြောင့် မစာဥ မျက်နှာပေါ်တွင် ရှက်သွေးများဖြာသွားသည်ဟု ထင်မြင်မိပါသလား။ လားလားမှ မဟုတ်ပါ။ မဲ့ကာရွဲ့ကာဖြင့်ပင် ...

"ငယ်ချစ်လည်း မရှိ၊ ကြီးချစ်လည်း မရှိတဲ့ ရေမရောတဲ့ အပျိုကြီးရှင့်။ အခုဆိုနေတာလည်း ကိုယ့်အတွက်မဟုတ်ပါဘူး။ အိမ်မှာ အိပ်လိုက် စားလိုက်၊ ဆန္ဒပြေးပြလိုက်လုပ်နေတဲ့ တူမနှစ်ယောက်ကိုကြည့်ပြီး စိတ်ပျက်ပျက်နဲ့ သီချင်းဆိုနေတာပါရှင့်"

"ကျောင်းတွေက ဖွင့်နေပြီ မဟုတ်လားဗျ။ ခင်ဗျားတူမတွေက တက္ကသိုလ်တက်တဲ့ အရွယ်တွေ မဟုတ်ဘူးလား။ ကျောင်းပြန်မတက်ကြသေးဘူးလား"

"တက္ကသိုလ်က တက်လက်စနဲ့ ကိုဗစ်ကြောင့် ကျောင်းတွေပိတ်ထားတာ အခုတိုင်းရေး ပြည်ရေး မငြိမ်တော့ ဖွင့်တယ်ဆိုပေမယ့်လည်း ကျောင်းမသွားကြဘူးရှင့်"

"ကောင်းရောဗျာ။ ဒါဖြင့် ခင်ဗျားတူမတွေက ကျောင်းမတက်ကြတော့ဘူးပေါ့။ သူတို့လိုချင်တဲ့ အစိုးရပြန်အုပ်ချုပ်မှ ကျောင်းတက်မယ်ပေါ့.. အဲဒီလိုလား"

"အမှန်ပဲရှင်။ ဝန်ထမ်းတွေက CDM လုပ်သလို ကျောင်းသားတွေကလည်း CDM သဘောပေါ့ရှင်။ ကျောင်းမတက်ကြဘူး။ စစ်ကျွန်ပညာရေးဆိုလားပြောနေကြတာပဲ။ ဒီမိုကရေစီ စစ်စစ်ရသွားပြီးရင် ကျောင်းတွေမှာ အဆင့်မြင့်ပညာရေးတွေ ဖြစ်လာမှာ။ အဲဒီအခါကျ ပညာရေးတင်မဟုတ်ဘူး လူမျိုးရေး၊ ဘာသာရေးတွေလည်း ဖြေရှင်းလို့ ရသွားပြီရှင့်။ ဒီမိုကရေစီစစ်ရင် လူ့အခွင့်အရေးဆိုတာလည်း အပြည့်ရမှာ။ ကြားဖူးတယ် မဟုတ်လား 'ကျောင်းမတက်နဲ့ ကျောင်းထွက်ကြ'ဆိုတဲ့ အသံတွေလေ။ အဲဒါကြောင့် အခုကျောင်းမတက်သေးဘူး"

### အကျိုးကျေးဇူးက ဘယ်သူရမှာလဲ

"အမယ်လေး... **မဟာအတွေးအခေါ် ပညာရှင်ကြီးပါပဲဗျာ။ ဘာတဲ့... ကျောင်းမတက်နဲ့တဲ့လားဗျာ။ ကျောင်းတက်တော့ အကျိုးကျေးဇူးက ဘယ်သူရမှာလဲဗျ။ ကျောင်းတက်မှ စာတတ်မှာပေါ့။ စာတတ်မှ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်မှာပေါ့ဗျာ။ ပညာမတတ်စေချင်တဲ့ အတွေးအခေါ်တွေက ဘယ်လိုများ ကြီးကျယ်မြင့်မြတ်တဲ့ နိုင်ငံရေးလဲဗျာ။ မကြားဖူးပါဘူး။ စာမတတ်၊ ပေမတတ်နဲ့ တိုင်းပြည်ကြီးကို ဘယ်လို ကာကွယ်ကြမှာတုံးဗျ။ ခင်ဗျားတို့ဟာက ဝန်ထမ်းတွေကျတော့ အလုပ်မသွားနဲ့၊ ဆရာဝန်က ဆေးမကုနဲ့၊ အင်ဂျင်နီယာက စက်မှုအလုပ်မလုပ်နဲ့၊ ဆရာက စာမသင်နဲ့၊ တပည့်က ကျောင်းမတက်နဲ့ ဆိုတော့ကာ တိုင်းပြည်ဖျက်ကြမယ်ပေါ့ဆိုပြီးများ ရည်မှန်းချက်ထားပြီး လုပ်နေသလားမှတ်ရတယ်**"

"လက်ရှိအချိန်က မလုံခြုံဘူးရှင့်၊ လက်လုပ်မိုင်းတွေ၊ ဗုံးတွေကလည်း ပေါက်နေတာ။ ကျွန်မတူမတွေ ကျောင်းသွားရင်း ဗုံးဆန်မှန်တော့ ရှင်က တာဝန်ယူမှာလား။ အန္တရာယ်ရှိတယ်ရှင့်။ အခုလည်း ဗုံးတွေ၊ မိုင်းတွေပစ်တာ တပ်ကနေ တစ်ဖက်လှည့်နဲ့ ပြည်သူတွေလုပ်သယောင် သူတို့ပဲ ပြန်ပစ်နေတာတဲ့။ အဲဒီလိုအနေအထားနဲ့ ကျွန်မတို့က ကလေးတွေကို ဘယ်လိုလုပ် ကျောင်းထားလို့ရမလဲ။ ကျောင်းတွေဖွင့်ဖို့က ကိုဗစ်ကာကွယ်ရေး အစီအမံတွေ လိုသလို ဘေးကင်းလုံခြုံမှုရှိဖို့လည်း အရေးကြီးတယ် မဟုတ်လား"

### သတင်းစာရှင်းလင်းပွဲက သုံးလအတွင်း လေးကြိမ်

"အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သတင်းစာရှင်းလင်းပွဲက သုံးလတာအတွင်း လေးကြိမ်ပြီးသွားပြီ။ အပတ်စဉ်မှာလည်း အွန်လိုင်းကနေ ဗီဒီယိုကွန်ဖရင့်နဲ့ သတင်းစာရှင်းလင်းပွဲတွေ ခဏခဏလုပ်နေတာ ခင်ဗျားမကြည့်ဘဲကိုး အပျိုကြီးရဲ့။ ဘယ်လိုစီမံဆောင်ရွက်နေသလဲဆိုတာ သိချင်ရင် သတင်းစာဝယ်ဖတ်ပါ။ တက္ကသိုလ်တွေနဲ့ အခြေခံပညာကျောင်းတွေကို လုံခြုံမှုရှိအောင် အတတ်နိုင်ဆုံး ဆောင်ရွက်နေတယ်။ တစ်ဖက်မှာလည်း ခင်ဗျားတို့၊ ကျွန်တော်တို့လို ပြည်သူတွေကလည်း ပူးပေါင်းဖို့လိုတာပေါ့ဗျာ။ ကျောင်းပတ်ဝန်းကျင်မှာ မသင်္ကာစရာတွေ့တာနဲ့ သတင်းပို့၊ အန္တရာယ်ဘေးကင်းအောင် ဝိုင်းဝန်းကြည့်ရှုစောင့်ရှောက်ရမှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ပညာမတတ်လို့တော့ မဖြစ်ဘူးဗျ။ ကျောင်းပိတ်တယ်ဆိုတာလည်း တစ်နှစ်သာကောင်းမှာပေါ့။ ကလေးတွေ ကိုဗစ်ကြောင့် တစ်နှစ်ပိတ်ထားခဲ့ရပြီးပြီလေဗျာ။ တော်သင့်ပါပြီ။ ကလေးတွေ စာသင်ကြပါစေဗျာ"

"ဒါနဲ့ ကျောင်းတွေကရော ဖွင့်ရဲ့လားရှင့်။ ကျောင်းသားကောရှိရဲ့လား။ သင်ပေးမယ့် ဆရာကရော လုံလောက်ရဲ့လား"

"ဆရာတွေလည်း တဖွဲဖွဲပြန်လာနေကြပါပြီ မစာဥရယ်။ ကျောင်းသားတွေဘက်၊ မိဘတွေဘက်ကလည်း ကလေးအတန်းနောက်ကျမှာစိုးတော့ ကျောင်းကို ကြပ်ကြပ်မတ်မတ် ပို့ကြတော့တာပေါ့။ လာမယ့် ဇွန်လဆိုရင် အခြေခံပညာကျောင်းတွေလည်း ဖွင့်ကြတော့မယ်ဗျ။ ခင်ဗျားဆိုတဲ့ သီချင်းလို ခေါင်းလောင်းသံ တညံညံပေးနေကြပြီလေ။ ယုံယုံကြည်ကြည်နဲ့ ကျောင်းတက်ဖို့တော့ လိုတာပေါ့ဗျာ။ မဟုတ်ရင် ကလေးတွေ အသက်တစ်နှစ်ကြီးပြီး အတန်းကတစ်တန်း ငယ်နေလိမ့်မယ်ဗျ"

"ဒါလည်း ဟုတ်တာပါပဲ။ ရွယ်တူသူငယ်ချင်းတွေက ကျောင်းတစ်တန်းပြီးသွားတဲ့ အခါကျမှ ကျောင်းတက်ရရင် ကလေးတွေ နစ်နာတာပေါ့။ တိုင်းရေးပြည်ရေးမှာ စာသင်တဲ့ကလေးတွေက မြေစာပင်မှ မဟုတ်တာပဲနော်.."

"အမှန်ပါပဲ မစာဥရယ်။ **ကလေးတွေဟာ လွတ်လွတ်လပ်လပ် စာသင်ကြရမယ့် အရွယ်တွေပါ။ သူတို့အတွက် ဘေးကင်းလုံခြုံမှုရှိရှိနဲ့ အေးအေးချမ်းချမ်း ပညာသင်ကြားကြဖို့ ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူတွေက ဝိုင်းဝန်းကူညီပေးကြရမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲဗျာ။ ခင်ဗျားလည်း ၈၈ ခုနှစ်တုန်းက အရေးအခင်းကို မီတယ်မဟုတ်လား။ အတန်းတစ်နှစ်နောက်ကျတဲ့အတွက် ထိခိုက်ကြရတယ် မဟုတ်လား။** ဆရာမတစ်ဦး ပြောတာကြားမိတယ်။ ရှစ်တန်းသာရှိသေးတဲ့ ကျောင်းသား ကျောင်းသူတွေ ကျောင်းစာလည်း မသင်ရတော့ ကူလီဝင်ထမ်းတဲ့သူနဲ့၊ အိမ်ထောင်ရက်သားကျတဲ့သူနဲ့၊ ဆန္ဒပြပွဲတွေသွားလို့ အဖမ်းအဆီးခံရတဲ့သူနဲ့၊ အရွယ်မရောက်သေးဘဲ လမ်းမှားတွေ ရောက်ကုန်တာပေါ့ဗျာ။ သူတို့ဆရာမကတော့ စိတ်တွေမကောင်း ဖြစ်နေတာပေါ့။ ကျောင်းတွေ ဖွင့်တဲ့အခါ သူ့တပည့်လေးတွေ စုံစုံညီညီနဲ့ မြင်ချင်ရှာမှာပေါ့ဗျာ"

"ဒါဆိုရင်တော့ ကျွန်မတူမတွေ ကျောင်းမြန်မြန်ပို့မှဖြစ်တော့မယ်။ တော်ကြာ အပျိုပေါက်ကလေးတွေ ရေတိမ်နစ်သွားမှဖြင့် ကျွန်မတို့ အုပ်ထိန်းသူတွေပဲ ရင်ကျိုးရမှာ"

"မစာဥက ကျွန်တော်နဲ့ မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူလိုက်စမ်းပါဗျ။ ခင်ဗျားအတွက် အကြံဉာဏ်ကောင်းတွေ ခရစ်တစ်ကယ်သင့်ခင်းတွေ ကျွန်တော်ပေးနိုင်ပါတယ်ဗျ။ အခုတင် ခင်ဗျား အမြင်မှန်ရသွားပြီမဟုတ်လား.."

### ကိုယ်တိုင်လက်ခံ ယုံကြည်မှသာ

"ထူးဆန်းပါရဲ့ရှင်။ ရှင် ဘရိန်းဝှက်ချ်လုပ်တိုင်း ကျွန်မကခံနေမယ့်သူတော့ မဟုတ်ပါဘူးနော်။ ကျွန်မကလည်း ကိုယ်တိုင်လက်ခံ ယုံကြည်မှသာ လိုက်နာတဲ့သူပါ။ တူမတွေကို အခုပဲကျောင်းလိုက်အပ်တော့မယ်။ စိတ်ချရအောင် ကိုယ်တိုင်လည်း ကျောင်းပေါက်ဝ စောင့်မယ်ရှင်။ အခြေအနေတည်ငြိမ်မှ သူတို့ဟာသူတို့ သွားပါစေပေါ့။ ဒါမှ လမ်းမှားတွေ မရောက်မှာ၊ မဟုတ်ရင်လည်း ကျွန်မတို့လူကြီးတွေက တစ်ချိန်လုံး စိတ်ပူနေကြရတာရှင့်။ ကျောင်းစာကို အာရုံထဲထည့်ထားရင် သူတို့အတွက် အချိန်တွေ မပိုတော့ဘူးလေ"

"ကလေးတွေ ကျောင်းတက်မှာတော့ ဟုတ်ပါပြီ။ မစာဥကိုတော့ ကျွန်တော်စိတ်မချဘူးဗျ။ ခင်ဗျား ကျောင်းလိုက်စောင့်မယ်ဆိုရင် ကျွန်တော်ပါ အဖော်အဖြစ် လိုက်ခဲ့ပါရစေ.." မစာဥ၏ မျက်စောင်းလှလှလေးတစ်စင်းက ကိုသံချောင်း ဘယ်ဘက်ရင်အုံသို့ စိုက်ဝင်လာ၏။ အပြုံးမပျက် အမုန်းမဖက်ဘဲ ကလေးတွေ ကျောင်းတက်ကြပါ။ ကိုသံချောင်းက မစာဥနှင့်အတူ ကျောင်းဝမှာ စောင့်ခွင့်ရချင်လှပါပြီဟုသာ။ ။

**မဟာအတွေးအခေါ် ပညာရှင်ကြီး ပါပဲဗျာ။ ဘာတဲ့... ကျောင်းမတက်နဲ့တဲ့လားဗျာ။ ကျောင်းတက်တော့ အကျိုးကျေးဇူးက ဘယ်သူရမှာလဲဗျ။ ကျောင်းတက်မှ စာတတ်မှာပေါ့။ စာတတ်မှ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်မှာပေါ့ဗျာ။ ပညာမတတ်စေချင်တဲ့ အတွေးအခေါ်တွေက ဘယ်လိုများကြီးကျယ်မြင့်မြတ်တဲ့ နိုင်ငံရေးလဲဗျာ။ မကြားဖူးပါဘူး။ စာမတတ်၊ ပေမတတ်နဲ့ တိုင်းပြည်ကြီးကို ဘယ်လိုကာကွယ်ကြမှာတုံးဗျ။ ခင်ဗျားတို့ဟာက ဝန်ထမ်းတွေကျတော့ အလုပ်မသွားနဲ့၊ ဆရာဝန်က ဆေးမကုနဲ့၊ အင်ဂျင်နီယာက စက်မှုအလုပ်မလုပ်နဲ့၊ ဆရာက စာမသင်နဲ့၊ တပည့်က ကျောင်းမတက်နဲ့ဆိုတော့ကာ တိုင်းပြည်ဖျက်ကြမယ်ပေါ့ဆိုပြီးများ ရည်မှန်းချက်ထားပြီး လုပ်နေသလား မှတ်ရ။**

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်သူအရေအတွက် သုံးသိန်းအောက်ကျဆင်း

**နယူးဒေလီ မေ ၁၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၁၃၈၆ ဦးရှိခြင်းကြောင့် ဧပြီ ၂၁ ရက်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ကူးစက်ခံရသူအရေအတွက် သုံးသိန်းအောက်ကျဆင်းခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက မေ ၁၇ ရက်တွင် ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့ကျခဲ့သော်လည်း အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁၀၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၇၄၃၉၀ ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၁၃၈၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၄၉၆၅၄၆၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းကို တိုက်ဖျက်ရန် ကြိုးပမ်းလျက်ရှိသည့် အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့် သီတင်းပတ်များအတွင်းက နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ပျမ်းမျှအားဖြင့် သုံးသိန်းကျော်ရှိခဲ့ကြောင်းလည်း သိရသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်များအရ လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၃၅၁၆၉၉၇ ဦးရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်က စတင်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁၈၂၉၂၆၄၆၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ရုရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၂၈ ဦးရှိ

**မော်စကို မေ ၁၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၃၂၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၉၄၉၅၇၃ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၄၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၆၂၁၁ ဦးအထိ ရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၁၈၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၅၆၃၂၅၄ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၇၃ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၄၀၇၆၀ ရှိလာကြောင်း သိရသည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်တက်နေစဉ်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ လူဦးရေ ၁၄၄ သန်းကျော်ရှိသည့် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၃၈၅၈၂၀၁ အား အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄ ဒသမ ၆၈ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ မေ ၁၇**

အာဖရိကတိုက်၌ မေ ၁၇ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၆၈၅၄၁၂ ဦး ရှိလာပြီဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင် ၅၅ နိုင်ငံ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသော အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၂၆၁၆၁ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၄၂၃၉၇၀၉ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများမှာ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့ဖြစ်ကြောင်းလည်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိက တောင်ပိုင်းဒေသသည် အာဖရိကတိုက်၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး ၎င်းနောက်တွင် အာဖရိက မြောက်ပိုင်းဒေသနှင့်အာဖရိက အရှေ့ပိုင်းဒေသတို့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးနှင့် တတိယအများဆုံးဒေသများအဖြစ် ရပ်တည်လျက်ရှိကာ ဗဟိုအာဖရိကဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

အာဖရိကနိုင်ငံများအနက် တောင်အာဖရိက နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၆၁၁၁၄၃ ဦးရှိကြောင်း သိရသည်။ မော်ရိုကိုနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၅၁၄၈၁၇ ဦးရှိကြောင်းနှင့် တူနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၂၅၈၃၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုင်းနိုင်ငံ လက်ခံရရှိ

**ဗန်ကောက် မေ ၁၇**

တရုတ်နိုင်ငံ Sinovac ကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများကို ထိုင်းနိုင်ငံမှ ယနေ့လက်ခံရရှိကြောင်း သိရသည်။

ယခုကဲ့သို့သော ဆေးဝါးလှူဒါန်းမှုသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြားရှိ မိတ်ဆွေအဖြစ်ရပ်တည်မှုကို ပြသနေပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်ကြရန် တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ယန်ဇင်းက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါသည် နေရာဒေသအပိုင်းအခြားမရှိဘဲ ပြန့်နှံ့နေသောကြောင့် အဆိုပါရောဂါ ပျံ့ပွားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာမှ အကူအညီများကို ပိုမိုရယူရန်လိုအပ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြစ်ထွန်းလာရေးကို ဦးစားပေးဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ထိုင်းနိုင်ငံအတွက် လိုအပ်နေသော ဆေးဝါးများနှင့် အထောက်အကူပြုပစ္စည်းများကို ယမန်နှစ်အတွင်း လှူဒါန်းပေးခဲ့ခြင်းအတွက် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချာဗီရာကာက ပြောကြားသည်။ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၁၀၈၂ ဦး ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၆၃၈၀၂၅၄၀ ဦး |
| သေဆုံးသူ | ၃၃၉၅၁၅၃ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၄၂၂၈၁၁၀၇ ဦး |

# လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးနှင့် လူမှုဆိုင်ရာအရင်းအနှီး

ပိုက်တင်

လူမှုအရင်းအနှီး (Social Capital) ဆိုတာက သီအိုရီအရ အလွယ်ဆုံးပြောရရင် လူမှုဆက်ဆံရေးနယ်ပယ်မှာ အဓိကလိုအပ်တဲ့ လူတစ်ဦးချင်းက သိရှိလိုက်နာ ကျင့်ကြံပြုမူဖို့လိုအပ်တဲ့ အခြေခံအချက်အလက် အကြောင်းတရားများကို ဆိုလိုပါတယ်။ Social Capital အရင်းအမြစ်များမှာ အဓိကအကျဆုံး အချက်အလက်တွေကတော့ ယုံကြည်မှု (Trust)၊ စံနှုန်းများ (Norms)၊ ရည်ရွယ်ချက်တူလို့ ပုံမှန်ဆက်ဆံမှုပြုကြရတဲ့ အဖွဲ့အစည်းများရဲ့ ကွန်ရက်များ (networks of association representing any group which gathers consistently for a common purpose) စတာတွေ ဖြစ်ပါတယ်။

Social Capital အမြင့်မားဆုံးဖြစ်ဖို့ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်စပ်နေတဲ့ အကြောင်းခြင်းရာတွေကတော့ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးအင်စတီကျူးရှင်းတွေအပေါ် စိတ်ချယုံကြည်အားထားမှု [ confidence in political institutions (Brehm and Rahn, 1997)] စတာတွေ ဖြစ်ပါတယ်။ Social Capital နိမ့်ကျခြင်းဆိုတဲ့အချက်က Social Capital သီအိုရီတွေထွက်ပေါ်လာရခြင်းရဲ့ အရင်းအမြစ်လို့ ဆိုပါတယ်။ ၁၉၇၀ ပြည့်နှစ်တွေတုန်းက အမေရိကန်ပြည်ထောင်စုမှာ Social Capital အကြီးအကျယ် နိမ့်ကျခဲ့ဖူးပါတယ်။ ဒီလိုဖြစ်ခဲ့ရခြင်းရဲ့ အဓိကအကြောင်းရင်းက တယ်လီဗီးရှင်း ဖြစ်တယ်လို့ ဆိုပါတယ်။

အခုအခါမှာ အဆင့်မြင့်သတင်းအချက်အလက်နည်းပညာ ( IT )က တစ်ကမ္ဘာလုံး (နီးပါး) ဆီကို ပျံ့နှံ့ထိုးဖောက်ဝင်ရောက်နေတာ ဖြစ်ပါတယ်။

### ပညာရှင်တွေက ယူဆ

IT ဆိုတာက အသွားနှစ်ဖက်ပါတဲ့ ဓားလိုပါပဲတဲ့။ လူ့အဖွဲ့အစည်းကို ကောင်းကျိုးရော ဆိုးကျိုးပါ ပေးနိုင်ပါတယ်။ IT ကြောင့် လူသားတွေ၊ လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံတွေ ပိုမိုနီးကပ်သွားကြပါတယ်။ ကမ္ဘာရွာလို့ ပြောဆိုလာကြရတာက အဓိက IT ကြောင့် ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း IT ကြောင့် လူတွေ တစ်သီးပုဂ္ဂလ ပိုဆန်လာကြပါတယ်။ ဒီအခြေအနေကြောင့် IT ဟာ လူမှုဆိုင်ရာစံနှုန်း (Social Norms)တွေနဲ့ Social Capital တို့ကို တိုက်စားဖျက်ဆီးနေတယ်လို့ Kiesler, Siegel စတဲ့ ပညာရှင်တွေက ယူဆပြောဆိုခဲ့ကြပါတယ်။

Social Capital နိမ့်လွန်းတဲ့ လူ့အဖွဲ့အစည်းတွေမှာ အစိုးရတွေဟာ အခွင့်အာဏာပေါ်မှာပဲ အားထားကြရလေ့ရှိပြီး (လူ့အဖွဲ့အစည်းရဲ့ အထောက်အပံ့အကူအညီကို ရယူနိုင်မှုမရှိခြင်း) အဲဒါကြောင့်ပဲ Social Capital နိမ့်လေ အစိုးရရဲ့ စွမ်းဆောင်ရည်လည်းနိမ့်လေဖြစ်တယ်လို့ ဆိုပါတယ်။ တခြားတစ်ဖက်မှာကျတော့လည်း Social Capital သိပ်မြင့်မားလွန်းရင် ပြဿနာတော်တော်များများကို အစိုးရရဲ့ အခန်းကဏ္ဍတောင်မပါဘဲနဲ့ လူမှုဆိုင်ရာကွန်ရက်တွေ (Social Networking) က ဖြေရှင်းနိုင်ပြီး အဲသလို မဖြေရှင်းနိုင်ဘဲနဲ့ ကျန်နေတဲ့ ပြဿနာတွေအတွက်လည်း အစိုးရတွေဟာ ပြဿနာဖြေရှင်းရာမှာ ဝိုင်းဝန်းကူညီနိုင်မယ့် စွမ်းရည်မြင့်အင်အားတွေ အများကြီးရှိနိုင်တာကြောင့် လူ့အဖွဲ့အစည်းတွေဟာ (Social Capital မြင့်လွန်းရင်) တော်တော်ကြီးကို သာတောင့်သာယာ ရှိနိုင်ပါတယ်။

လူ့အဖွဲ့အစည်းတွေ တိုးတက်မြင့်မားရေးအတွက် Social Capital ရဲ့ အရေးပါပုံကို ထင်ဟပ်တဲ့ ယူဆချက် (Hypothesis) တချို့က အောက်ပါအတိုင်း ဖြစ်ပါတယ်။

The more the level of participation in voluntary associations, the greater the social capital. လူမှုအသင်းအဖွဲ့တွေမှာ ပါဝင်ကူညီမှုအတိုင်းအတာမြင့်မားလေ Social Capital လည်း မြင့်မားလေ ဖြစ်ပါတယ်။ ပရစိတ်ရှိတဲ့ လူတွေများများရှိတဲ့ လူ့အဖွဲ့အစည်းတွေကို ဆိုလိုတာပါ။ ပရစိတ်ဆိုတာမှာလည်း ကိုယ်ကျိုးတစ်စုံတစ်ရာမျှော်တဲ့ ပရစိတ်မျိုးကို လုံးဝမဆိုလိုပါဘူး။ အတ္တ (ရယူလိုမှု) ကင်းတဲ့ အများအကျိုးသယ်ပိုးလိုသူတွေ များများရှိရမယ်ဆိုတဲ့ သဘောပါ။

The more the networking, the greater the social capital. (လူမှုဆိုင်ရာ) ကွန်ရက်တွေများလေ Social Capital အရည်အသွေးမြင့်မားလေ ဖြစ်ပါတယ်။ အကျိုးအမြတ်ရဖို့ လုံးဝမစဉ်းစားတဲ့ ပရဟိတအဖွဲ့အစည်းတွေအကြား ချိတ်ဆက်လုပ်ဆောင်မှုများများရှိလေ Social Capital အရည်အသွေး မြင့်မားလေဖြစ်တယ် ဆိုလိုတာပါ။

### စံနှုန်းတွေ မြင့်မားလာနိုင်

The greater the social capital, the more prevalent the norm of reciprocity (bargaining, compromise, pluralism). Social Capital အဆင့်အတန်း အရည်အသွေးမြင့်မားလေ အပြန်အလှန်ပေါင်းကူးဆက်နွှယ်မှုတွေက အကောင်းဘက်ကို ဦးတည်ပြီး လွှမ်းမိုးလာလေဖြစ်မယ်လို့ ဆိုပါတယ်။ အပေးအယူ အလျှော့အတင်းပြုလုပ်တဲ့နေရာမှာ၊ စေ့စပ်ညှိနှိုင်းတဲ့နေရာမှာ၊ မတူညီတဲ့ယဉ်ကျေးမှုတွေ အတူအကွ ဖြစ်တည်ရှင်သန်ရတဲ့ လူ့အဖွဲ့အစည်းတွေမှာ အပြန်အလှန်ကူးလူးဆက်ဆံကြတဲ့အခါ စံနှုန်းတွေ မြင့်မားလာနိုင်မယ်လို့ ဆိုလိုတာပါ။

The greater the social capital, the higher the priority of the norm of equality. Social Capital မြင့်မားလေ တန်းတူညီမျှမှုဆိုင်ရာ စံနှုန်းတွေကို ဦးစားပေးမှုလည်း မြင့်မားလေ ဖြစ်မယ်လို့ ဆိုပါတယ်။ ယဉ်ကျေးမှုပေါင်းစုံလူ့ဘောင် (Plural Society)တွေမှာ ဒီအချက်က ပိုအရေးကြီးပါတယ်။ လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာဝပြောဖို့ အဲဒီလူ့အဖွဲ့အစည်းတွေရဲ့ Social Capital ဟာ လူမျိုးတစ်မျိုးတည်းနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတွေထက် အများကြီးပိုပြီး Social Capital မြင့်မားနေဖို့ မဖြစ်မနေလိုအပ်ပါတယ်။

> Social Capital **အမြင့်မားဆုံးဖြစ်ဖို့ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်စပ်နေတဲ့ အကြောင်းခြင်းရာတွေကတော့ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးအင်စတီကျူးရှင်းတွေအပေါ် စိတ်ချယုံကြည်အားထားမှု** [ confidence in political institutions (Brehm and Rahn, 1997) ] **စတာတွေ ဖြစ်ပါတယ်။** Social Capital **နိမ့်ကျခြင်းဆိုတဲ့အချက်က** Social Capital **သီအိုရီတွေထွက်ပေါ်လာရခြင်းရဲ့ အရင်းအမြစ်လို့ ဆိုပါတယ်။ ၁၉၇၀ ပြည့်နှစ်တွေတုန်းက အမေရိကန်ပြည်ထောင်စုမှာ** Social Capital **အကြီးအကျယ် နိမ့်ကျခဲ့ဖူးပါတယ်။ ဒီလို ဖြစ်ခဲ့ရခြင်းရဲ့ အဓိကအကြောင်းရင်းက တယ်လီဗီးရှင်း ဖြစ်တယ်လို့ဆို။**

### လူ့အဖွဲ့အစည်းတွေအတွက်

The more the mentoring and mutual support in an organization, the greater its social capital. အဖွဲ့အစည်းတစ်ခုမှာပါဝင်ဆောင်ရွက်လုပ်ကိုင်နေတဲ့လူချင်း ကူညီစောင်မမှု၊ အပြန်အလှန် ဖေးမကူညီမှုမြင့်မားလေ Social Capital အရည်အသွေးမြင့်မားလေ ဖြစ်ပါတယ်။ နိမ့်ကျတဲ့ လူ့အဖွဲ့အစည်းတွေ (နိုင်ငံများ)မှာ လူတွေရဲ့ စိတ်ဓာတ်အရည်အသွေး (အားလုံးပြောဆိုနေကြတဲ့ Mindset ပါ) အလွန်အမင်းနိမ့်ကျနေတတ်ပါတယ်။ ဒါကြောင့်ပဲ လူမှုအဖွဲ့အစည်းဝင်တွေအချင်းချင်းကြားမှာ ပူးပေါင်းဆောင်ရွက်လိုစိတ်တို့၊ အချင်းချင်း ဖေးမကူညီလိုစိတ်တို့ အကြီးအကျယ် အားနည်းတတ်ပါတယ်။ Social Capital လည်း အင်မတန်နိမ့်ကျတတ်ပါတယ်။ အပြန်အလှန်အားဖြင့် Social Capital နိမ့်ကျလာတာကြောင့်လည်း စိတ်ဓာတ်အရည်အသွေးက ထပ်နိမ့်ကျလာတတ်တာကြောင့် ဆင်ခြင်တွေးခေါ်ကြည့်လိုက်ရင် လူ့အဖွဲ့အစည်းတွေအတွက် အလွန်အန္တရာယ်များလှတဲ့ အခြေအနေတစ်ရပ် ဖြစ်ပါတယ်။

The greater the prevalence of passive media (ex., television), the less the social capital. အဆိုးမြင်တဲ့မီဒီယာ (ဥပမာ သတင်းမှန်အခြေမခံတဲ့ တယ်လီဗီးရှင်းများ၊ လူမှုကွန်ရက်သတင်းများ) လွှမ်းမိုးမှုကလည်း Social Capital နိမ့်ကျစေတဲ့ အကြောင်းတရားတစ်ခုပါ။ ဒါဟာ လွန်ခဲ့တဲ့ ရာစုနှစ်က ယူဆချက်ဖြစ်ပြီး အခုကာလမှာတော့ လူမှုကွန်ရက်တွေ(Social Media)၊ သတင်းစာဂျာနယ်တွေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ သမာသမတ်ကျတဲ့ အပြုသဘောဆောင်တဲ့ မီဒီယာများလေ Social Capital အရည်အသွေးလည်းမြင့်မားလေ ဖြစ်မယ်လို့ ဆိုပါတယ်။

The greater the social capital, the greater the confidence in government (and other institutions). Social Capital ပိုမြင့်လေ အစိုးရနဲ့ (အခြားသော အင်စတီကျူးရှင်းများ) အပေါ် ယုံကြည်မှုလည်း ပိုမိုမြင့်မားလေမယ်လို့ ဆိုပါတယ်။ Social Capital မြင့်မားတာကြောင့် အစိုးရတွေအပါအဝင် အင်စတီကျူးရှင်းတွေရဲ့ အရည်အသွေးကောင်းဖို့ အထောက်အပံ့ကောင်းဖြစ်ပြီး ယုံကြည်အားထားမှုကလည်း မြင့်မားလာရတာဟာ တော်တော်သဘာဝကျတဲ့ကိစ္စ ဖြစ်ပါတယ်။ Social Capital နိမ့်လေ အင်စတီကျူးရှင်းတွေအပေါ် ယုံကြည်ကိုးစားမှုလည်း နိမ့်လေဖြစ်မယ်လို့ အပြန်အလှန်ယူဆလို့ ရပါတယ်။

The greater the social capital, the easier to mobilize support for problem solutions. Social Capital မြင့်မားလေ ပြဿနာတွေ ဖြေရှင်းရာမှာ လိုအပ်တဲ့ အထောက်အပံ့တွေ ထွက်ပေါ်လာဖို့ လွယ်ကူလေလို့ဆိုပါတယ်။ ဆိုလိုတာက လူ့အဖွဲ့အစည်းရဲ့အရည်အသွေး အဆင့်မီတဲ့အခါ အတွေးအခေါ်၊ ဆင်ခြင်တုံတရားနဲ့ ပညာဟာ အလိုလို အင်အားတောင့်တင်းနေပြီး ပြဿနာတစ်ရပ်ပေါ်ပေါက်တဲ့အခါ ပြဿနာကို ပိုမိုကြီးထွားပြီး ဖြေရှင်းလို့မရတဲ့အထိ ချဲ့ကားပစ်လိုက်မယ့် အခြေအနေမျိုးမရှိတော့တဲ့အပြင် လူ့အဖွဲ့အစည်းတွေ၊ အစိုးရနဲ့ အင်စတီကျူးရှင်းတွေဟာ ပြဿနာကို အကောင်းဆုံး ပူးပေါင်းဖြေရှင်းဆောင်ရွက်ဖို့ အဆင်သင့် ဖြစ်နေတတ်တာကြောင့် ပြဿနာတွေ အလွယ်တကူ ဖြေရှင်းနိုင်ရုံမကပါဘူး၊ လူ့အဖွဲ့အစည်း ငြိမ်းချမ်းသည်ထက် ပိုမိုငြိမ်းချမ်းဖို့၊ သာယာသည်ထက် ပိုမိုသာယာဖို့ ဆောင်ရွက်ပြီးသား ဖြစ်နေမယ်လို့ ဆိုလိုပါတယ်။

### IT နဲ့ လူမှုကွန်ရက်တွေ

မြန်မာနိုင်ငံကို ပြန်ကြည့်လိုက်ရင် Social Capital က အနိမ့်ဆုံးအခြေအနေရောက်နေတယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ အင်စတီကျူးရှင်းတွေလည်း ကောင်းကောင်းပြန်လည် တည်ဆောက်နိုင်ဖို့တောင် အခြေအနေမပေးသေးပါဘူး။ အစိုးရတွေအပေါ် ယုံကြည်မှုဆိုတာကလည်း အဆိုးဆုံးအခြေအနေမှာ ရှိပါတယ်။ စီးပွားရေးကလည်း အလွန်အမင်း နိမ့်ကျနေပါသေးတယ်။ ဒီအခြေအနေမျိုးမှာ လူမှုကွန်ရက်တွေကို ခုန်ပျံကျော်လွှား သုံးစွဲခွင့်ရလာတာကြောင့် ကောင်းကျိုးက နည်းနည်း ဆိုးကျိုးကများများ ဖြစ်နေရတာ သတိထားမိကြဖို့နဲ့ ဒီပြဿနာတွေကို ဖြေရှင်းဖို့လည်း နည်းလမ်းကောင်းတွေကို အမြန်ဆုံးစဉ်းစားရှာဖွေဖော်ထုတ်ကြဖို့ လိုအပ်ပါတယ်။ အစစအရာရာ ကဏ္ဍစုံ တဖြည်းဖြည်း တိုးတက်လာတဲ့ နိုင်ငံတွေမှာ IT နဲ့ လူမှုကွန်ရက်တွေက Social Capital မြင့်မားသည်ထက်မြင့်မားလာနိုင်ရေး အထောက်အပံ့ဖြစ်တာက ပိုများပြီး ပြဿနာ(ဆိုးကျိုး) က နည်းပါတယ်။

Social Capital အဆင့်အတန်း၊ IT နဲ့ နိုင်ငံရေးအကြား အလွန်အလေးထားရမယ့် ဆက်နွှယ်မှုကို Stakeholder တွေနဲ့ လူ့အဖွဲ့အစည်းဝင်နိုင်ငံသားတွေ အလေးအနက်စဉ်းစားနိုင်ကြဖို့နဲ့ လူ့အဖွဲ့အစည်း ကောင်းမွန်ရေးအတွက် Social Capital အဆင့်မီရေးကိုအပူတပြင်း နည်းလမ်းရှာဖွေ ဆောင်ရွက်နိုင်ကြဖို့ မဖြစ်မနေလိုအပ်နေပါပြီ။ နိုင်ငံတည်ဆောက်ရေးလုပ်ငန်း အရှိန်အဟုန်ပြင်းပြင်းနဲ့ ချီတက်နိုင်ရေးအတွက်ဆိုရင် စည်းလုံးညီညွတ်တဲ့ နိုင်ငံသားတွေရဲ့ အင်အားနဲ့သာ ဖြစ်နိုင်ပါတယ်။ ဒီမိုကရေစီစနစ်မှာ အာဏာရှင်စနစ်တွေလို တင်းကျပ်တဲ့ စည်းမျဉ်းတွေကို အမြဲသုံးပြီး နိုင်ငံသားတွေ စည်းကမ်းပိုမိုကောင်းမွန်လာအောင် လူမှုကျင့်ဝတ်တွေကို သိရှိလိုက်နာလာကြအောင် ဆောင်ရွက်ရေးဆိုတာက ပြဿနာရှိတာကြောင့် လူမှုအရင်းအနှီးကို ဖြည့်တင်းနိုင်ဖို့၊ တစ်နည်းအားဖြင့် နိုင်ငံသားတွေရဲ့ လူမှုအသိစိတ်ဓာတ်ရေးရင့်သန်လာပြီး ဒီမိုကရေစီနဲ့ကိုက်ညီတဲ့ ယဉ်ကျေးမှုတွေ (democratically civilized) ဖြစ်တည်လာအောင် နည်းလမ်းပေါင်းစုံရှာဖွေပြီး ဆောင်ရွက်နိုင်ကြမှသာ လိုရာခရီးကို မျှော်မှန်းနိုင်ကြမည်ဖြစ်ပါကြောင်း နှိုးဆော်တင်ပြလိုရင်း ဖြစ်ပါတယ်။ ။

# ဘားအံ၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း ဖွင့်လှစ်



ယနေ့နံနက်ပိုင်းက အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပပြီး သင်တန်းသူ ၂၄ ဦး သင်တန်းတက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ဘားအံ မေ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဘားအံ)၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲကို ယနေ့တွင် အဆိုပါသင်တန်းကျောင်း သင်တန်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။ ထို့နောက် အခမ်းအနားသို့တက်ရောက်လာသော ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများနှင့်အတူ ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်း၊ ခေတ်မီဒီဇိုင်းလက်ရာများအား ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများနှင့် သံတောင်ကြီး၊ ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ မွန်ပြည်နယ် ချောင်းဆုံမြို့များမှ စုစုပေါင်း သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၇ ရက်မှ စက်တင်ဘာ ၁၇ ရက်ထိ ရက်သတ္တ ၁၈ ပတ် ကြာမြင့်မည် ဖြစ်သည်။

အလားတူ ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင်လည်း ယနေ့နံနက်ပိုင်းက အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပပြီး သင်တန်းသူ ၂၄ ဦး သင်တန်းတက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ပါအတိုင်း ဌာနများ ပူးပေါင်းဆောင်ရွက်ရန် ရန်ကုန်မြို့တော်ဝန် မှာကြား



**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးက ကော်မတီဝင်များ၊ ဌာနမှူးများ၊ ခရိုင်၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံလမ်းညွှန်မှာကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အလေးထားဆောင်ရွက်**

မြို့တော်ဝန် ဦးဗိုလ်ဌေးက ယခုဆိုလျှင် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အတွင်းရေးမှူးတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ခန့်အပ်တာဝန်ပေးခဲ့သည်မှာ သုံးလရှိခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီတစ်ရပ်လုံးတွင် ဌာနမှူးများ၊ ခရိုင်မှူး၊ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ စသည်ဖြင့် အားလုံးဆောင်ရွက်သည့်အနေအထားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီတို့၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အားလုံးဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်သည့်အနေအထားသည် ယခုအခါ အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ရန်ကုန်မြို့ကြီးကို နှစ်ကြိမ်တိတိ လာရောက်သည့်အခါတွင် ရန်ကုန်မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ရေကောင်းရေသန့်ရေပေးဝေရေးလုပ်ငန်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများအားလုံးသည် မိသားစုသဖွယ်တည်ဆောက်ထားသည့်အတွက် အားလုံးက အချိတ်အဆက်များဖြင့် လုပ်ဆောင်နေကြောင်း၊ ဝင်ငွေရရှိသော လုပ်ငန်းများကို ဝန်ဆောင်မှုဆောင်ရွက်ပေးသည့် လုပ်ငန်းဖြစ်သည့်အတွက် မြို့တော်ကြီးသန့်ရှင်းသာယာမှုဖြစ်စေရန် တည်ဆောက်ရေးကိစ္စရပ်များ၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များကို ဆောင်ရွက်နေရပါကြောင်း။

မြို့တော်သူ၊ မြို့တော်သား တစ်ဦးချင်းလိုက်နာပြီး ပေးသင့်ပေးထိုက်သည့် အခွန်အခများကို ပေးဆောင်ရန်အတွက် ယဉ်ကျေးပျူငှာစွာ စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်း၊ တံတားဌာနနှင့် သန့်ရှင်းရေးဌာနတို့ ပူးပေါင်းပြီး လမ်းဘေးတွင် အမှိုက်ပုံးများထားရှိရန်အတွက် စနစ်တကျလုပ်ဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောသိန်းဝင်း**

# ချောင်းမငယ်ရေလှောင်တမံနှင့် ရုံးပင်သစ်တောကြိုးဝိုင်းဧရိယာတို့တွင် သီးနှံသစ်တောစိုက်ခင်းများ ထူထောင်မည်

**နေပြည်တော် မေ ၁၇**

နေပြည်တော် လယ်ဝေးမြို့နယ်မှ (၁၂) မိုင်ခန့်အကွာတွင် တည်ရှိသည့် ချောင်းမငယ်ရေလှောင်တမံနှင့် ရုံးပင်သစ်တောကြိုးဝိုင်း ဧရိယာတို့တွင် သီးနှံသစ်တောစိုက်ခင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့က ပူးပေါင်းထူထောင်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်း(Agroecological Project)တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အရှည်ပေ ၄၆၀၀ နှင့် အကျယ် ၂၁ ပေရှိ တမံရှောင်ကွင်းလမ်းကို ကျောက်ရောမြေခင်းလမ်း ဖောက်လုပ်ခြင်း၊ ၎င်းလမ်းပေါ်၌ တံတားငယ် နှစ်စင်း တည်ဆောက်ခြင်း၊ အရှည်ပေ ၁၀၆၀၀ နှင့် အကျယ် ၁၈ ပေရှိ ရေဝပ်ဧရိယာ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်း၊ တမံရေဝပ်ဧရိယာတွင် ရေကြီးအမြင့်မှတ် အမှတ်အသား Board ခုနစ်ခု စိုက်ထူခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုအခါ အဆိုပါလုပ်ငန်းများကို ဌာနပိုင်စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းများ ဖောက်လုပ်ခြင်းဖြင့် ချောင်းမငယ်တမံအနီးပတ်ဝန်းကျင်ရှိ ကျေးရွာနေပြည်သူများသည် ရာသီမရွေးသွားလာနိုင်မည့်အပြင် ဒေသထွက်ကုန်များကို လွယ်ကူစွာပို့ဆောင်နိုင်မည်ဖြစ်ခြင်း၊ တမံပေါ်မှဖြတ်သန်းသွားလာရန် မလိုအပ်တော့သည့်အတွက် တမံကြံ့ခိုင်မှု ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်း၊ ဒေသခံ ကျောင်းသား ကျောင်းသူများနှင့် ကျန်းမာရေးကိစ္စများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။



ထို့ပြင် တမံရေဝပ်ဧရိယာတွင် ရေကြီးအမြင့်မှတ် အမှတ်အသားများ စိုက်ထူပေးထားသည့်အတွက် တမံပတ်ဝန်းကျင်မှ ပြည်သူများအနေဖြင့် တမံ၏ အမြင့်ဆုံးရေမှတ်အား အလွယ်တကူသိရှိနိုင်သဖြင့် အဆိုပါရေကြီးမှတ်အောက်တွင် နေထိုင်ခြင်းနှင့် စိုက်ပျိုးခြင်းတို့မပြုလုပ်ဘဲ လွယ်ကူစွာ ရှောင်ရှားနိုင်မည်ဖြစ်သည်။

ယင်းစီမံကိန်းကို ဆောင်ရွက်သည့်အတွက် ဒေသနေတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများအသုံးပြုမှု ပိုမိုဖွံ့ဖြိုးလာခြင်း၊ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် ဆည်ရေအဝင်လမ်းတစ်လျှောက်ရှိ ကျေးရွာများတွင် မြေဆီလွှာပြုန်းတီးမှုသက်သာစေရန် နှစ်ရှည်ပင်များ စိုက်ပျိုးထူထောင်ပေးသည့်အတွက် ရေဝေရေလဲ သစ်တောဧရိယာကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ သစ်တောသစ်ပင်များကို စနစ်တကျစိုက်ပျိုးသည့် အလေ့အကျင့်ကောင်းများရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထွန်းကားလာခြင်း၊ သစ်တောသစ်ပင်များ စိမ်းလန်းဝေဆာသည့် သဘာဝခရီးသွားပတ်ဝန်းကျင်သစ် တစ်ခုဖြစ်ပေါ်လာခြင်း စသည့် လုပ်ငန်းများ ပါဝင်မည်ဖြစ်ရာ ချောင်းမငယ်တမံပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့် ဒေသ၏ ဂေဟစနစ်ကို ရေရှည်အကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

**ထက်လျှံ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ပညာရပ်ဆိုင်ရာသင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၁၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးမြင့်စေရန်အတွက် Graphic နှင့် Camera ပညာရပ်ဆိုင်ရာ သင်တန်းများကို ယနေ့တွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွင့်လှစ်သည်။

**ရိုက်ကူးနိုင်ရန် မျှဝေ**

အဆိုပါ သင်တန်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကျွမ်းကျင်ပညာရှင်များက ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနှင့် အွန်လိုင်းလွှင့်တင်ခြင်းများတွင် Computer Graphic များအသုံးပြုနိုင်ရန်၊ Camera ရိုက်ကူးမှုတွင် သတင်းနှင့်အစီအစဉ်များ ရိုက်ကူးနိုင်ရန် မျှဝေပို့ချပေးကြမည်ဖြစ်သည်။

**သင်ကြားပို့ချပေးမည်**

ယင်း Computer Graphic သင်တန်းနှင့် အစီအစဉ်ရိုက်ကူးမှု Camera သင်တန်းကို မေ ၁၇ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ သတင်းရိုက်ကူးရေး Camera သင်တန်းနှင့် Studio အတွင်းရိုက်ကူးရေး Camera သင်တန်းတို့ကို မေ ၂၄ ရက်မှ မေ ၃၁ ရက်အထိ လည်းကောင်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် ဘာသာရပ်အလိုက်သင်တန်းသားသင်တန်းသူ စုစုပေါင်း ၇၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ ယနေ့ ဖတ်စရာ

(၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ)စာမေးပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပ
စာမျက်နှာ » ၈

အပြုံးမပျက် အမုန်းမဖက်ဘဲ ကျောင်းတက်ကြရအောင်
ကိုသံချောင်း – မစာဥ တစ်ခန်းရပ် စကားပြောခန်း (၁၆)
စာမျက်နှာ » ၁၁

အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်သူ အရေအတွက် သုံးသိန်းအောက်ကျဆင်း
စာမျက်နှာ » ၁၃

လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးနှင့် လူမှုဆိုင်ရာအရင်းအနှီး
စာမျက်နှာ » ၂၁

ချောင်းမငယ်ရေလှောင်တမံနှင့် ရုံးပင်သစ်တောကြိုးဝိုင်း ဧရိယာတို့တွင် သီးနှံသစ်တော စိုက်ခင်းများ ထူထောင်မည်
စာမျက်နှာ » ၂၃


# မြန်မာ့စီးပွားရေးဘဏ်က ပြည်သူများအတွက် အထူးဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်



ရန်ကုန် မေ ၁၇
မြန်မာ့စီးပွားရေးဘဏ်က အများပြည်သူများအတွက် အထူးဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၌ ကျင်းပသည်။

**အဆင်ပြေချောမွေ့**

အခမ်းအနားတွင် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးက ပြည်သူများ ဘဏ်စာရင်းအသစ်ဖွင့်လှစ်၍ ငွေသားအပ်နှံမှုလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စေရန် အထူးဝန်ဆောင်မှု အစီအစဉ်တစ်ရပ်ကို ယနေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်ပေးမည့်လုပ်ငန်းများတွင် စာရင်းသစ်ဖွင့်သူများအတွက် စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖

# အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းများ စံချိန်တင် မြင့်တက်

မန္တလေး မေ ၁၇
မြန်မာ့ထွက်ကုန်သီးနှံ မတ်ပဲနှင့် ပဲစင်းငုံများ ယခုရက်ပိုင်းအတွင်း အိန္ဒိယနိုင်ငံ၏ ရုတ်တရက်ဝယ်လိုအား ကောင်းမွန်လာမှုကြောင့် ဈေးနှုန်းများ စံချိန်တင်မြင့်တက်လာကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

**အားထားဝယ်ယူ**

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ တတိယလှိုင်းအဖြစ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု များပြားနေသည့်အတွက် ၎င်းတို့နိုင်ငံ၏ အဓိက စားသုံးကုန်ဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံများကို အိမ်နီးချင်း မြန်မာနိုင်ငံမှ အဓိက အားထားဝယ်ယူလာမှုကြောင့် ယခင်ရက်ပိုင်းက သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ သာ ရှိခဲ့သော မတ်ပဲမှာ ယနေ့တွင် ငွေကျပ် ၁၀၅၀၀၀ နှုန်းအထိ လည်းကောင်း၊ ပဲစင်းငုံဈေးနှုန်းမှာလည်း ယခင်က သုံးတင်းဝင် တစ်အိတ်လျှင် စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒



# ဘာစီလိုနာအမျိုးသမီးအသင်း ချန်ပီယံလိဂ်ဖလား ဆွတ်ခူး

အမျိုးသမီး ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မေ ၁၆ ရက် ညပိုင်းက ချယ်လ်ဆီး အမျိုးသမီးအသင်းနဲ့ ဘာစီလိုနာ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအမျိုးသမီးအသင်းက လေးဂိုးပြတ်နဲ့ အနိုင်ရရှိပြီး အမျိုးသမီးချန်ပီယံလိဂ်ဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။




ဘာစီလိုနာ အမျိုးသမီးအသင်းရဲ့ အမျိုးသမီးချန်ပီယံလိဂ်ဖလား ရရှိမှုဟာ စပိန်အမျိုးသမီးကလပ်အသင်းတစ်သင်းအနေနဲ့ ပထမဆုံး ရရှိခဲ့တဲ့ အမျိုးသမီးချန်ပီယံလိဂ်ဆုဖလားလည်း ဖြစ်ပါတယ်။ ချယ်လ်ဆီး အမျိုးသမီးအသင်းနဲ့ ဘာစီလိုနာအမျိုးသမီးအသင်းတို့ ပွဲစဉ်မှာ ဘာစီလိုနာအမျိုးသမီးအသင်းက ပွဲစပြီး ၃၃ စက္ကန့်မှာ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပထမပိုင်း ပွဲကစားချိန် ၃၆ မိနစ်အတွင်းမှာ လေးဂိုးဆက်တိုက်သွင်းယူ နိုင်ခဲ့တာကြောင့် အမျိုးသမီး ချန်ပီယံလိဂ်ဆုဖလားကို ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာ အမျိုးသမီးအသင်းအတွက် သွင်းဂိုးလေးဂိုးတွင် ချယ်လ်ဆီး အမျိုးသမီးအသင်းမှ လီယူပိုးလ်က ကိုယ့်ဂိုးကိုပြန်သွင်းမိသလိုဖြစ်ခဲ့ရာက ရရှိခဲ့တဲ့သွင်းဂိုး တစ်ဂိုး၊ ဘာစီလိုနာအမျိုးသမီးအသင်းမှ ကစားသမားတွေဖြစ်တဲ့ ပူတယ်လက်စ်၊ ဘွန်းမက်နဲ့ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍

# ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲ လှေလှော်အားကစားနည်းတွင် ရွှေဆု ၃၅ ခု ချီးမြှင့်မည်

ရန်ကုန် မေ ၁၇
မြန်မာလှေလှော်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ထားသည့် ၂၀၂၁ (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ လှေလှော်အားကစားနည်းတွင် ရွှေတံဆိပ် စုစုပေါင်း ၃၅ ခု ချီးမြှင့်သွားမည်ဖြစ်သည်။

**ပါဝင်လာခြင်းမရှိ**

ဗီယက်နမ်အိုလံပစ်ကော်မတီသည် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများ ထုတ်ပြန်ရာတွင် လှေလှော်အားကစားနည်း၌ အပြည်ပြည်ဆိုင်ရာလှေနှင့် ကနူးကယက်လှေအားကစားနည်းများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရိုးရာလှေပြိုင်ပွဲ ပါဝင်လာခြင်းမရှိပေ။ ရိုးရာလှေအားကစားနည်းမှာ မြန်မာအားကစားအဖွဲ့ အားသာသည့် အားကစားနည်းဖြစ်သော်လည်း ဗီယက်နမ်နိုင်ငံအနေဖြင့် အားနည်းသဖြင့် ထည့်သွင်းမကျင်းပခြင်းဖြစ်သည်။

ဆီးဂိမ်း ကနူးကယက်အားကစားနည်းတွင် အမျိုးသားပြိုင်ပွဲ ခုနစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲ ၁၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✪